ကလိုင်းကနိုင်ကျေးရွာ၊ ကျိုက်မရောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကလိုင်းကနိုင်ကျေးရွာ၊ ကျိုက်မရောမြို့နယ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ကလိုင်းကနိုင် ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်မရောမြို့နယ် **၆**

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၇**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု **၇**

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ **၉**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ **၁၀**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ **၁၂**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ **၁၅**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ **၁၇**

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ **၁၈**

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ **၂၀**

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၇

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၈

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကလိုင်းကနိုင်ကျေးရွာ ၊ ကျိုက်မရောမြို့နယ်

ကလိုင်းကနိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်မရောမြို့နယ်



ရည်ညွှန်း- ကလိုင်းကနိုင်ကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ - ကလိုင်းကနိုင်ကျေးရွာ၊ ကလိုင်းကနိုင်ကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ် စက်တင်ဘာ ၂–၄ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကလိုင်းကနိုင်ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၏ မြောက်ဘက်၊ ကျိုက်မရော–မော်လမြိုင်၊ ကျိုက်မရော–မုဒုံ ကားလမ်းဘေးတွင် တည်ရှိသည်။ အကျယ်အဝန်းမှာ (၇၅၁၉.၀၀)ဧကရှိပါသည်။ ကုန်းမြင့်ဖြစ်ပြီး တောင်ညိုတောင်တန်းနှင့် အနီးစပ်ဆုံးရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများနိမ့်သဖြင့် လယ်ကွင်းများသို့ ရေစီးဆင်းပါသည်။ ကျေးရွာသည် ပင်လယ်ရေ မျက်နှာပြင်အထက် (၁၈)ပေအမြင့်တွင် တည်ရှိပါသည်။ တောင်ခြေနှင့် နီးကပ်သည့် ရွာတန်းရှည် ကျေးရွာဖြစ်ပြီး ပင်လယ်ကမ်းစပ်နှင့် ဝေးလံသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး (၁၀)နှစ် တစ်နှစ် ပျမ်းမျှမိုးရွာရက်(၁၃၃) ရက် နှင့် မိုးရေချိန် (၁၇၅.၄၆)လက်မရွာသွန်းပါသည်။ ပျမ်းမျှမိုးရွာသွန်းသည့်ရက် နှင့် မိုးရွာသွန်းမှုသည် တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်းလျော့နည်းလာသော်လည်း ၂၀၁၅ခုနှစ်တွင် မိုးပိုမို ရွာသွန်းပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ

မိုးများ၍ စွတ်စိုသော ရာသီဥတုရှိပြီး သရက်ပင်၊ ပိန္နဲပင်၊ ခရေပင်၊ ဝါးပင်များ ပေါက်ရောက်သည်။ ကျေးရွာ၏ တောင်ဘက် နိဒုံကျေးရွာသွား တောလမ်းတလျှောက်တွင် ရာဘာစိုက်ခင်းများတည်ရှိပြီး အရှေ့ဘက်ရှိပက်ကလက်တောင်တွင် ကျောက်ထုတ်စခန်းနှင့် ဘိလပ်မြေစက်ရုံတို့ တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပက်ကလက်တူးမြောင်း နှင့်သရက်ကုန်းအိမ်ဖဲ့တူးမြောင်းတို့ ရှိပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ

ကျေးရွာတွင် မွန်၊ ကရင်၊ ဗမာ၊ ဟိန္ဒူ ၂၇% နှင့် အစ္စလာမ်လူမျိုး(၇၃%)တို့ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၃၅၅)စုရှိသော်လည်း (၇၆)အိမ်ထောင်စုသည် မိသားစုလိုက် ထိုင်းနိုင်ငံသို့သွား ရောက်လုပ်ကိုင်ကြသူများဖြစ်၍ အခြေခံစာရင်းများမရရှိပါ။ အောက်ပါအချက်အလက်များသည် လက်ရှိကျေးရွာတွင်နေထိုင်သော (၂၇၉)အိမ်ပေါ်မူတည်၍ ရေးသားထားခြင်းဖြစ်ပါသည်။

ကျေးရွာရှိ အိမ်ခြေ (၂၇၉)အိမ်ထောင်စုတွင် လူဦးရေစုစုပေါင်း(၂၀၀၇)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၇–၈)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်း လူဦးရေ၏ ၇၀%ရှိပြီး အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် ပိုမိုများပြားပါသည်။ အသက်(၁၅)နှစ်

အောက်နှင့် အသက်(၆၀)နှစ်အထက် မှီခိုသူဦးရေ ၃၀% ရှိပါသည်။ အလုပ်လုပ်နိုင်မှုတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ် ပိုပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာရှိ မိသားစု များသည် စပါးနှင့် ရာသီသီးနှံများကို စိုက်ပျိုးကြပါသည်။ ကြက်မောက်၊ ကျွဲကော၊ မင်းဂွတ်၊ ဒူးရင်းနှင့် ရာဘာစသည့် နှစ်ရှည်ပင်များ စိုက်ပျိုးထားကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ လက်လီလက္ကား ဈေးရောင်းဈေးဝယ်နှင့် ကျပန်းလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပါသည်။ အချို့မိသားစုများသည် မိသားစုလိုက် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသည်။ အမျိုးသမီးများမှာ ကောက်စိုက်၊ ပျိုးနှုတ်၊ ပဲခူး၊ ပြောင်းဖူးချိုးစသည့်လုပ်ငန်းများတွင် နေ့စား ဝင်ရောက်လုပ်ကိုင် ကြပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာခန အဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၄၂)ရာခိုင်နှုန်းရှိပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၆၈%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသောသူများ ဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၃၈%သည် ၂.၅ဧကအောက်ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၄၇%သည် ၂.၅ဧက နှင့် ၅ ဧကကြားပိုင်ဆိုင်သူများ ဖြစ်ကြပြီး တောင်သူငယ်များ ဖြစ်ပါသည်။ ၅ဧကအထက် ပိုင်ဆိုင်သည့် အလယ်လတ်စားတောင်သူ ၁၅%သာ ရှိပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူ မရှိပါ။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု

စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စု(၁၁၈)ရှိသည့်အနက် (၉၃) အိမ်ထောင်စုမှာ ၃လအောက်နှင့် (၂၅)အိမ်ထောင်စု သည် အနည်းဆုံး ၆လ မပူမပင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး (၁)သိန်းကျပ်မှ (၁၀)သိန်းကျပ်ထိချေးငှားကြရပါသည်။ကျန်သောအချိန်များတွင် မိသားစုများသည်ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုရောင်း၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။

ကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်မှ စတင်ကာ ဓာတ်မြေဩဇာများသုံးစွဲခြင်း၊ စိုက်ခင်းများအား ပိုးကာကွယ်ရန်ဒီဇယ်လောင်းသည့် အလေ့အကျင့်ရှိခြင်းသည် မြေယာများပျက်ဆီးလွယ်မှုမြင့်မားပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ၊ လယ်ယာမြေပိုင်ဆိုင်မှုမရှိသောမိသားစုများ၊ လက်လီဈေးသည်များ၊ ကျပန်းမိသားစုများသည် အလုပ်ရှားပါးသည့်အချိန်တွင် လုပ်ငန်းရရှိရန်မသေချာခြင်း၊ ဝင်ငွေမသေချာခြင်းတို့ကြောင့် ဝမ်းစာမလုံလောက်မှုများနှင့် ကြုံတွေ့နိုင်ပါသည်။ လူငယ်အများစုမှာ တဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသဖြင့် လူကုန်ကူးမှုများ၊ မူးယစ်ဆေးသုံးစွဲမှုများနှင့် ကူးစက်ရောဂါရရှိနိုင်မှု မြင့်မားပါသည်။ ထို့ပြင်

ကျိုက်မရောနှင့် မော်လမြိုင်မြို့များတွင် မူးယစ်ဆေးများ အလွယ်တကူဝယ်ယူရရှိနိုင်သောကြောင့် လူငယ်အများစုမှာ ဆေးသုံးစွဲမှုများရှိလာပါ သည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကလိုင်းကနိုင်ကျေးရွာတွင် အဖြစ်များသောရောဂါမှာ သွေးလွန်တုပ်ကွေးရောဂါနှင့် သွေးတိုးရောဂါများ ဖြစ်ပွားကြပါသည်။ ကလေးငယ်များ ဇူလိုင်လတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် ကျောင်းပျက်အများဆုံးဖြစ်ပြီး သေဆုံးမှုမရှိပါ။ ကျေးရွာရှိ ကျေးလက်ကျန်းမာရေး သားဖွား ဆရာမမှ ကျန်းမာရေးပညာပေးဟောပြောပေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း၊ ရေတွင်းရေကန်များအားဆေးခတ်ခြင်း၊ တစ်လလျင်တစ်ကြိမ် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက် ကျေးရွာလူဦးရေ၏ ၁၁.၆%သည် စာတတ်မြောက်မှုမရှိကြပါ။ ၁.၄%သည် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှုအနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၁၇.၄%၊ အလယ်တန်းပညာပြီးဆုံးသူ ၁၄.၆%၊ အထက်တန်းပညာ ပြီးဆုံးသူ ၁.၂% နှင့် ဘွဲ့ရရှိသူ ၂.၃% ရှိပါသည်။ ယခုအခါ အသက် (၅–၉)နှစ် အတွင်း လူဦးရေ (၁၃၁)ဦးရှိသော်လည်း မူလတန်းပညာတက်ရောက်နေသူ(၂၆၉)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၂၀၅.၃% ရှိသဖြင့် ကလေးများ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်းအဆင့်တွင်ပင်ရှိနေခြင်း၊ ဒေသတွင်းပြောင်းရွှေ့လုပ်သားများ၏ သားသမီးများ လာရောက် အပ်နှံ ခြင်း၊ အခြားရပ်ကွက် နှင့် ကျေးရွာများမှ လာရောက်အပ်နှံခြင်းတို့ကြောင့် ဖြစ်ပါသည်။

အသက်(၁၀–၁၄)နှစ်အတွင်း လူဦးရေ(၁၈၇)ဦးရှိသော်လည်း တက်ရောက်နေသူ(၁၀၅)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၅၆.၂%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်းအဆင့်တွင်ပင်ရှိနေခြင်း နှင့် မူလတန်းပညာပြီးဆုံးသွားပါက မွတ်ဆလင်လူမျိုးများအတွက် အင်ဒါအွမ်အိုလွန်မ်တက္ကသိုလ်၊ အစ္စလမ်ဘာသာရေးသင်တန်းကျောင်းသို့ ပြောင်းရွှေ့သွားခြင်းကြောင့် ဖြစ်ပါသည်။ အချို့မှာအခြားဒေသမှ ရာသီအလိုက်ရွှေ့ပြောင်း လုပ်ကိုင်နေကြသော အိမ်ထောင်စုများမှဖြစ်ကြပြီး အချို့မှာထိုင်းနိုင်ငံသို့ မိသားစုအလိုက်ရွှေ့ပြောင်းလုပ်ကိုင်ကြသူများ၏ သားသမီးများ ဖြစ်ပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်း၁၀%ရှိပြီး ရွှေ့ပြောင်းလုပ်သားများ၏ သား/သမီးများသည် ပညာရေးဆုံးခန်းတိုင်အောင် မသင်ယူဘဲ အလုပ်အခြေအနေအရ အခြားနယ်သို့ပြောင်းသွားရသဖြင့် ကျောင်းထွက်ရသူများ ရှိပါသည်။

ကျေးရွာတွင် လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ အလှပြင်ဆိုင်၊ ပန်းပဲဖို၊ လျှော်ရည်ဆိုင်၊ ယာဉ်မောင်းခြင်းနှင့် စက်ဘီး၊ ဆိုင်ကယ်ပြင်ခြင်း တို့အပြင် ပညာရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဝန်ထမ်းလုပ်သူများ ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေပိုမိုများပြားပါသည်။ အလယ်တန်း၊ အထက်တန်း နှင့် ဘွဲ့ရ သည်ထိ တက်ရောက်နိုင်မှုတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။

ကလိုင်းကနိုင်ကျေးရွာတွင် တစ်ရက်လျှင် အမျိုးသား တစ်ဦး အလုပ်လုပ်ခ (၅၀၀၀)ကျပ် နှင့် အမျိုးသမီး တစ်ဦးလျှင် (၃၅၀၀)ကျပ်ရရှိပါသည်။ ပုတ်ပြတ်ဖြင့် လုပ်ငန်းလုပ်ပါက မိမိ၏ လုပ်အားနှင့် လုပ်ငန်းပေါ်မူတည်၍ အမျိုးသားများသည် ၅၀၀၀ ကျပ်မှ ၁၀၀၀၀ကျပ်ထိ ရရှိကြပါသည်။ အမျိုးသမီးများသည် ကျေးရွာ၏ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ကြသော်လည်း ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့် အခွင့်အလမ်းနည်းပါးပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကလိုင်းကနိုင်ကျေးရွာတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ဆောင်နေသော အဖွဲ့အစည်းများရှိပြီး ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုသည် ပွင့်လင်းမြင်သာမှုအားနည်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ လုပ်ငန်းများတွင် ပရဟိတစိတ်အပြည့်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နေသော လူငယ်လူရွယ်များ များစွာ ရှိပါသည်။ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ရမည့် နည်းစနစ်၊ နည်းလမ်းများကို သိရှိ နားလည်မှုအားနည်းခြင်း နှင့် ကျေးရွာရှိ အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်းတို့ ရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လယ် ၁၄၇.၄၅ ဧက၊ ရာဘာ ၃ ဧက၊ ဥယျာဉ်ခြံ ၃၃.၁၅ဧက ၊ စားကျက်မြေ ၃၄ဧကနှင့် ပလပ်မြေ ၁၀၉.၆ဧကရှိပါသည်။ လယ်မြေများ သည် စိုက်ပျိုးရေအား တူးမြောင်းနှင့် ချောင်းရေကို အသုံးပြုကြပြီး ရေသည် ကျေးရွာအရှေ့ဘက်၊ အနိမ့်ပိုင်းရှိ လယ်မြေများသို့ စီးဆင်းကြပါသည်။ ဧကမ္ဘာကုမ္ပဏီသည် ကျေးရွာအရှေ့ဘက်ရှိ လယ်မြေများကို ဝယ်ယူကာ ကျေးရွာမှ အတ္ထရံမြစ်အထိ လမ်းဖောက်လုပ်ထားပါသည်။ ရေစီးဆင်းမှု ကောင်းမွန်စေရန် ယင်းလမ်းပေါ်ရှိ တံတား(၂)စင်းနှင့် တူးမြောင်းဖော်ရန်ဖြစ်သော်လည်း တံတားနေရာတွင် ရေပြွန်အသေး(၂)ခုသာ တပ်ဆင်ထားသည့်အတွက် ရေဆွဲအားမကောင်းခြင်းကြောင့် နှစ်စဉ်မြစ်ရေကြီးချိန်တွင် ရေလွှမ်းမိုးခြင်း၊ ရေတန့်ခြင်းများဖြစ်ပေါ်ကာ စိုက်ခင်းများတွင်ဆုံးရှုံးမှုများ ကြုံတွေ့ကြရပါသည်။ သဲဆန်သောမြေမှ မြေဆီညြစာကောင်းမွန်သော မြေဆီလွှာ စသည့် မြေအမျိုးမျိုးရှိပြီး စိုက်ချိန်ပေါ်မူတည်၍ တစ်ဧကပျမ်းမျှစပါးတင်း (၄၀မှ၅၀)တင်းထိထွက်ရှိပါသည်။ ရာသီသီးနှံများဖြစ်သည့် သခွား၊ ဘိုစားပဲ၊ ပဲတောင့်ရှည်၊ ရုံးပတီ၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ပြောင်း၊ ပိန်ဥ၊ ငရုပ်၊ ကြက်ဟင်းခါး၊ ပဲလင်းမြွေနှင့် ခဝဲများကို လယ်မြေများ၊ ကုန်းပိုင်း နှင့် ရာဘာခြံများတွင် စိုက်ပျိုးကြပါသည်။

စပါးတွင် အရွက်ဖြူ၊ ရွက်လိပ်၊ ပိုးမဲ၊ ဖလံဖြူများ ကျရောက်ခြင်း၊ ရာသီသီးနှံပင်များတွင် ပြာ၊ သီးလုံးဖောက်ပိုး၊ ရွက်စားပိုး၊ မှိုစသည့် ရောဂါပိုးမွှားများ နှစ်စဉ်ကျရောက်ပါသည်။ ကျရောက်ပါက ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ဒီဇယ်ပက်ဖျန်းခြင်းတို့ကို လုပ်ဆောင်ကြသည်။

ကလိုင်းကနိုင်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။ ဝက်၊ ကြက်၊ ဘဲများကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားကို မွေးမြူရန်နှင့် အသားရောင်းချရန် မွေးမြူကြပါသည်။ စီပီကုမ္ပဏီ၏ အကူအညီဖြင့် မွေးမြူရေးကြက်များအား ဝယ်ယူ၍ ဥ၊ အသား ရောင်းချရန်မွေးမြူထားပါသည်။ ကြက်စာများကို ကုမ္ပဏီမှ ဝယ်ယူရခြင်း၊ ထွက်ကုန်များအား စီပီကုမ္ပဏီမှ ပြန်လည်ဝယ်ယူခြင်းဖြင့် ဈေးကွက်လွှမ်းမိုးမှုရှိပါသည်။ နှစ်စဉ်ဝက်များတွင် လည်ပိတ်၊ နားရွက်ပြာ၊ဝက်ဝမ်းကျရောဂါများကျရောက်ခြင်း၊ ကြက်နာကျရောက်ခြင်းများ ကြုံတွေ့ရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာရှိ မိသားစုများသည် လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ အလှပြင်ဆိုင်၊ ပန်းပဲဖို၊ လှည်းရည် ဆိုင်၊ ယာဉ်မောင်းခြင်း နှင့် စက်ဘီး၊ ဆိုင်ကယ်ပြင်ခြင်း တို့အပြင် ပညာရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေး ဝန်ထမ်းလုပ်သူများ ရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဧကမ္ဘာကုမ္ပဏီသည် လယ်မြေများကို ဝယ်ယူ၍ လမ်းဖောက်လုပ်ခြင်းကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးကြပါသည်။ ထို့ပြင် လမ်းဖောက်လုပ်ခြင်းကြောင့် ရေစီးဆင်းမှုနှောင့်နှေးပြီး လယ်မြေများ ရေနစ်မြုတ်မှု ဖြစ်ပေါ်စေပါသည်။ ရိုးချောင်းမှ တောင်ကျချောင်းရေ စီးဆင်းခြင်းကြောင့် အနိမ့်ပိုင်းရှိအိမ်များ ရေလွှမ်းမိုးခံရပါသည်။ ဦးဖေအောင်၊ ဦးခင်မောင်ဝင်း (ယဉ်မျိုးဆက် ကုမ္ပဏီ)၊ ဦးထွန်းမင်းစသည့် ကုမ္ပဏီ(၃)ခုသည် ကျေးရွာ၏ မြောက်ဘက်ရှိ ကျောက်တောင်မှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ဆောင်နေကြပါသည်။ ၎င်းကျောက်လုပ်ငန်းသည် ကျေးရွာနှင့် ရွာသူ/သားများအတွက် အလုပ်အကိုင်ရရှိနိုင်သည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာအတွင်း ရွာသူရွာသားများသည် သမဝါယမအသင်းများမှ ချေးငွေရရှိနိုင်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)ရှိ လယ်တစ်ဧကလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ဧက၊ ယာတစ်ဧကလျှင် ၂၀၀၀၀/ကျပ်ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ လိုအပ်သောငွေကြေးကို ဆွေမျိုးများနှင့်ရွှေဆိုင်များတွင် ပစ္စည်းအပေါင်ထား၍ ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏ **ပညာရေးကဏ္ဍ**တွင် ကျေးရွာ၌ မူလတန်းလွန်ကျောင်းတည်ရှိပြီး တပည့်၊ ဆရာ

အချိုး (၃၇)နှင့်ဖြင့် သင်ကြားလျှက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ခုနှစ် ပညာသင်နှစ်တွင် မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်း ဖြစ်သွားသည့်အတွက် အခန်းမလုံလောက်မှုများ ဖြစ်ပွားနေပါသည်။ ကျောင်းဆောင်ဟောင်းသည် သစ်သားကျောင်းဆောင်ဖြစ်ခြင်း၊ ဆောက်လုပ်ခဲ့သည်မှာ နှစ်(၆၀)ရှိနေခြင်းကြောင့် ကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်လျှက်ရှိပါသည်။ ထို့ပြင် ကျေးရွာမှ ရပ်မိရပ်ဖများ၏ အလှူငွေ(၁၁)သိန်းခွဲဖြင့် သွပ်မိုး၊ ဘိလပ်မြေခင်းနှင့် အုတ်ကာ ကျောင်းဆောင်တစ်ဆောင်အား ဆောက်လုပ်ထားသောလည်း အုတ်တစ်ဝက်သာ ကာထားနိုင်သည့်အတွက် မိုးမလုံ၊ လေမလုံမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအုပ်ကြီးမှ ဦးဆောင်၍ ကျောင်းဆောင်သစ်တည်ဆောက်ရန် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၄၉၄)သိန်းအား ပညာရေးဌာနသို့ တင်ပြထားပါသည်။ ကျောင်းတွင် အလယ်တန်းပြဆရာမ တစ်ဦးလိုအပ်လျက်ရှိပြီး ဆရာမခန့်ထားရေးအတွက် ပညာရေးဌာနသို့ တင်ပြတောင်းခံထားသော်လည်း ယခုအချိန်ထိ မရရှိသေးပါ။ ကျောင်းဆရာ/မများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် စားပွဲနှင့် ဘီဒို မလုံလောက်ပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိပြီး သားဖွားဆရာမ(၁)ဦး ရှိပါသည်။ ရောဂါကြီးမားပါက ကျေးရွာနှင့်(၁)မိုင်ကွာဝေးသည့် ကျိုက်မရောမြို့နယ် တိုက်နယ် ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူကြပါသည်။ လိုအပ်ပါက တိုက်နယ်ဆေးရုံမှတဆင့် မော်လမြိုင်ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူကြပါသည်။

တစ်ရွာလုံးတွင်ရေတွင်း (၂၃၉) လုံးရှိသော်လည်း အချို့ရေတွင်းများမှာ တပေါင်း၊ တန်ခူးလတွင် ရေခန်းခြောက်မှုနှင့် ကြုံတွေ့ရပါသည်။ ကျန်တွင်းများမှာ ၁၂ ရာသီပတ်လုံး သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။

ယင်လုံအိမ်သာ(၂၅၆)လုံးရှိပြီး တချို့သည် အိမ်သာတစ်လုံးကို ပူးတွဲအသုံးပြုကြပါသည်။ ကျေးရွာ တွင် တောထိုင်အိမ်ခြေ(၁)အိမ်ထောင်စုရှိပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူမျိုးစုများအားလုံး ငြိမ်းချမ်းစွာ အထူယှဉ်တွဲနေထိုင်ကြ၍ မိမိယုံကြည်မှုအတိုင်း လွတ်လပ်စွာ ကိုးကွယ်ကြပါသည်။ လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် မိမိတို့အဖွဲ့အလိုက် လုပ်ဆောင်ကြပါသည်။

ကလိုင်းကနိုင် လူငယ်ပရဟိတအဖွဲ့သည် ဘုရားပွဲတွင် ဈေးရောင်းပြီး ရန်ပုံငွေရှာကာ ဘုန်းကြီး ကျောင်းအတွက် လိုအပ်သော ဝတ္ထုပစ္စည်းများကို လှူဒါန်းကြပါသည်။ တန်းခူလ ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း နှစ်စဉ်ကျင်းပကြသည်၊ မီးထွန်းပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြပြီး ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းကြသည်။ လူမှုရေးအနေဖြင့် သွေးလှူဒါန်းခြင်း၊ သာရေး နာရေးလုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။

အားကစားလှုပ်ရှားမှုအဖြင့် လူငယ်များပူးပေါင်း၍ စာသင်ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းတွင် လွတ်လပ်ရေးနေ့၌ လူငယ်များဦးဆောင်ကာ အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပကြပါသည်၊ ဘောလုံးပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲများကိုလည် ကျင်းပကြပါသည်။

ကျေးရွာလမ်းခင်းခြင်း၊ တံတားဟောင်းပြုပြင်ခြင်း လုပ်ငန်းများတွင် ရွာသားများနှင့် အတူ ပူပေါင်းကာလူငယ်များက အချိုရည်စားစရာများဖြင့်ဧည့်ခံကျွေးမွေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

ကလိုင်းကနိုင်ကျေးရွာ မှ အခြားကျေးရွာများသို့ ထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်နှင့် ဆက်သွယ်သွားလာရန် တစ်နှစ်ပတ်လုံးကားလမ်းဖြင့်သွားလာနိုင်ပါသည်။

ကျေးရွာတွင် အိမ်ခြေတစ်ဝက်ကျော်သည် မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းအား အသုံးပြုကြပါသည်။ ဆိုလာစနစ် နှင့် ဒီဇယ်သုံးအင်ဂျင်သုံးစွဲသူ အနည်းငယ်သာရှိပါသည်။

သတင်းအချက်အလက်များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်း၌ အမ်ပီတီနှင့် ထိုင်းဖုန်းလိုင်းများကို သုံးစွဲကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု၏ ၅၄%သည် ဖုန်းအသုံးပြုမှုများရှိလာပြီး ၎င်း၏ ၇၅%သည် အင်တာနက်သုံးစွဲမှုများရှိလာပါသည်။ အင်တာနက်သုံးစွဲသူ အများစုသည် လူငယ်များဖြစ်ကြပြီး ဖေ့ဘွတ်နှင့် ဗိုင်ဗာအား အများဆုံးအသုံးပြုကြပါသည်။ ဖုန်းများရှိလာခြင်း၊ အင်တာနက်သုံးစွဲမှုများလက်လှမ်းမှီလာခြင်းကြောင့် နိုင်ငံခြားရှိမိသားစုများနှင့် အချိန်မရွေးဆက်သွယ်ပြောဆိုနိုင်ကြပြီး ငွေကြေးကုန်ကျမှုများလည်း သက်သာလာပါသည်။ လူငယ်များအနေဖြင့် အင်တာနက်ဆက်သွယ်မှုဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိရန် ကောင်းမွန်စွာအသုံးမချနိုင်ခြင်း၊ ဖေ့စ်ဘွတ်ကိုသာ သုံးစွဲနေခြင်းများသည် လူငယ်များသင်ယူလေ့လာခွင့်များကို ဟန့်တားထားပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ သင်တန်းများပို့ချထားပြီး သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားများ၊ စလောင်းများမှ ရရှိနိုင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာနှင့် (၁)မိုင်အတွင်းတွင် ကျိုက်မရောမြို့နယ်၊ ရဲစခန်းရှိသည့်အတွက် လုံခြုံရေးကောင်းမွန်ပါသည်။ ကျေးရွာတွင်း ရံဖန်ရံခါ ခိုးဝှက်မှုမှ အပ အခြားမှုခင်းကြီးများမရှိပေ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ

အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာ၏ လက်ရှိအခြေအနေ၊ ရင်ဆိုင်နေရသောအခက်အခဲနှင့် စိန်ခေါ်မှုများမှသည် ရရှိလိုသည့်အခြေအနေသို့ ရောက်ရှိရန် ကြောင်းကျိုးဆက်စပ် ဖော်ဆောင်လုပ်ကိုင်ရပါမည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လူငယ်များ တက်ကြွစွာ ဆောင်ရွက်နေကြခြင်း။

ကျေးရွာတွင်းလူမျိုးပေါင်းစုံ ညီညွတ်စွာ နေထိုင်ကြသည်။ အလုပ်လုပ်နိုင်သူ လူဦးရေ ၇၀% ရှိသည့်အနက်၊ ဘွဲ့ရပညာတတ်(၄၂)ဦးနှင့် အခြေခံပညာတတ်ကျွမ်းသူလူငယ်များ ရှိသောကြောင့် အမျိုးမျိုးသောလုပ်ငန်းများအတွက် လုပ်သားအင်အားရှိခြင်း။

ပလပ်မြေများ၊ စားကျက်မြေများရှိခြင်းကြောင့် မွေးမြူရေးလုပ်ကိုင်နိုင်ခြင်း။

တူးမြောင်းများ တူးဖော်ထားခြင်း။

ထွက်ရှိလာသော ထွက်ကုန်များကို ရောင်းချနိုင်သော စျေးကွက်ရှိခြင်း။

မြို့ပြနှင့်နီးကပ်စွာတည်ရှိသဖြင့် အစိုးရဌာနများ၊ ကုမ္ပဏီများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်များ နှင့် လွယ်ကူစွာ ချိတ်ဆက်နိုင်ခြင်း။ မော်လမြိုင်မြို့ နှင့် (၁၅)မိုင်သာ ကွာဝေးခြင်း။

စီပီကုမ္ပဏီ မှ မျိုးကောင်းမျိုးသန့်များ၊ တိရိစ္ဆာန်အစာများ၊ နည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ရရှိခြင်း။

ကျေးရွာမှ အခြားကျေးရွာ၊ မြို့များသို့ ကုန်စည်ပို့ဆောင်ရန် နှင့် ဆက်သွယ်သွားလာရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း။

နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ရန် အတွက် လက်လှမ်းမီခြင်း။

မြို့မစွန်နှီ အာလဘီ တက္ကသိုလ် နှင့် ရေတွင်းကုန်း အာလဘီ တက္ကသိုလ်ရှိခြင်း။

ကုန်ထုတ်လုပ်ငန်းများ (ကျောက်ထုတ်လုပ်ငန်း၊ ရေသန့်စက်) ရှိခြင်း။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာအဖွဲ့အစည်းမှ တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လည်ပတ်ရန်ပုံငွေများကို လုပ်ဆောင်နေကြသော်လည်း စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည် အားနည်းခြင်း။

ဘွဲ့ရပညာတတ်များ ရှိသော်လည်း လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်နေခြင်း။

နည်းပညာဝန်ဆောင်မှု ပေးသော ဌာနများမှ ကွင်းဆင်းဝန်ထမ်းများ နည်းပါးခြင်း ။

မြေဩဇာများအဆက်မပြတ်သုံးစွဲခြင်း၊ လွဲမှားသောအယူအဆများအတိုင်း စိုက်ပျိုးလုပ်ကိုင်နေကြခြင်း။ (ဥပမာရောဂါကာကွယ်ရန် ဒီဇယ်ဖြန်းခြင်း)

စိုက်ပျိုးရန် ရေအရင်းအမြစ်ရှိသော်လည်း ရေပြွန်ခေါင်း ကျဉ်းမြောင်သဖြင့် ရေဆွဲအား ညံ့ဖျင်းခြင်း။ ရေလွှမ်းမိုးခြင်း။

ကျေးရွာတွင်းလမ်းများ ပျက်ဆီးနေခြင်း

ကျောင်းဆောင်နှင့်ပရိဘောဂမလုံလောက်ခြင်း၊ မြို့သို့ကျောင်းတက်ရန် မတတ်နိုင်ခြင်း၊

မူးယစ်ဆေးဝါးလွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်းကြောင့်.ဆေးစွဲမှုကိုကြီးထွားစေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် မြို့နယ်အဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးမွေမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ မိသားစုများ၏ ဝင်ငွေတိုးတက်လာရေး။

က၊၂)လူသားစွမ်းရည်ဖွံ့ဖြိုးလာစေပြီး အစုအဖွဲ့ဖြင့် ဆောင်ရွက်သည့် လူထုအခြေပြုအဖွဲ့အစည်းများ ထွန်းကားလာစေရေး။

က၊၃) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စသည့် လူမှုအခြေခံအဆောက်အဦးများလက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝ အဆင့်အတန်း ပိုမိုတိုးတက်လာ စေရေး တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး ဆောင်ရွက်သွားပါမည်။

ခ၊၁) တောင်သူများ ဝင်ငွေတိုးတက်လာစေရန်အတွက် စျေးကွက်ကောင်းသည့် ရာသီသီးနှံများ (ဖရဲ၊ ပန်း၊ ပြောင်း၊ ကြက်သွန်၊ မတ်ပဲ၊ ပဲတီစိမ်း) ၊ နှစ်ရှည်ပင်များ (ရာဘာ၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်)တို့ကို စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုနှင့် မျိုးကောင်မျိုးသန့်များလွယ်ကူစွာ ရရှိသုံးစွဲ

နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် ။

ခ၊၂) ရေတံတားများ၊ တူးမြောင်းများနှင့် ချောင်းရေတင်စံနစ်များ တည်ဆောက်ပြုပြင်၍ မိုးနှောင်းနှင့် နွေသီးနှံများစိုက်ပျိုးခြင်း(နွေနှမ်း၊ ရေသွင်းပဲတီစိမ်း)။

ခ၊၃) စိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့်ဆက်သွယ်၍ စက်ယန္တယားများသုံးပြီး မစိုက်ဖြစ်သော မြေများတွင် ဈေးကွက်ဝင်သီးနှံများ (ဈေးကောင်းရ ပြည်ပပို့ကုန်များ ဖြစ်သော ပဲတီစိမ်း၊ မတ်ပဲ) တို့ကို အကျိုးတူစိုက်ပျိုးခြင်း။

ခ၊၄) လယ်မြေ၊ ပလပ်မြေများရှိသဖြင့် နွား၊ ဆိတ်၊ ကြက်တို့ကို မွေးမြူရေး နည်းပညာများ ရယူသုံးစွဲ၍ စံနစ်တကျမွေးမြူရန်။

ခ၊၅) ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ပစ္စည်းများဖြည့်ဆီးခြင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ တက်ကြွစွာပါဝင်၍ ကျောင်းနေပျော်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးသည့် ကလေးများ ဖြစ်စေရန်။

ခ၊၆) ကျန်းမာရေး အသိဖြင့် နေထိုင်တတ်ရန် ဝန်ဆောင်မှုပေးခြင်း။

ခ၊၇) ကျေးရွာရှိ တက်ကြွသော ရွာသူရွာသားများ နှင့် ပညာတတ်လူငယ်များအား ခေါင်း ဆောင်မှု သင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ အစုအဖွဲ့ဆိုင်ရာသင်တန်းများ တက်ရောက်စေပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်ပါဝင် လုပ်ကိုင်စေခြင်းဖြင့် အနာဂတ်ခေါင်းဆောင်လောင်းများ လေ့ကျင့် ပျိုးထောင်ပေးရန်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသ အဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ဤမူဝါဒဆိုင်ရာ နှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများသည် ကျေးရွာအချို့၏ လိုအပ်ချက် အတွက်သာ ကွက်၍ သက်ရောက်စေခြင်းမဟုတ်ပဲ၊ နိုင်ငံတစ်နံတစ်လျှားသို့ သက်ရောက်စေသကဲ့သို့ တိုင်းပြည်၏ ရေမြေရာသီကွဲပြားခြားနားသည့် ဒေသများ၏ သီးသီးသန့်သန့် လိုအပ်ချက်များ ကိုလည်း သက်ရောက်စေပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင်

အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုတ်နှံရန် ချေးငွေသည် အရေးကြီးပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထားရာမှ ဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင်ပုဂ္ဂလိက၊ ကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ် ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

ကျေးရွာသမဝါယမအသင်း

သမဝါယမဦးစီးဌာန၏ ပုံမှန်ကျေးရွာသမဝါယမအသင်းများအပြင် ၂၀၁၃ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ အစီအစဉ်၏ဦးဆောင်မှုဖြင့် ကျေးရွာများရှိ အချို့သော အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့အစည်းများအား သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ မည်သည့်လုပ်ငန်းအတွက်မဆိုထုတ်ချေး၍ရပြီး ချေးငွေကာလမှာ(၆လ) ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ်လျှင် ၁.၁၅ကျပ်တိုးဖြစ်ပြီး မြို့နယ်သမဝါယမသို့ ၁ကျပ်တိုး ပြန်သွင်းရပြီး အဖွဲ့ထဲတွင် ၀.၁၅ကျပ်တိုး ကျန်ရှိခဲ့မည်ဖြစ်ပါသည်။ အဖွဲ့ငယ်(၁၀)ဦးတစ်ဖွဲ့ဖွဲ့ရပြီး အချင်းချင်း ပြန်လည် အာမခံရသည့်စနစ်ကို ကျင့်သုံးကြပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍ဈေးကွက်ဖေါ်ဆောင် ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ပံ့ပိုးမှုရရှိရန် တင်ပြ ချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ် ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်းတနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့် အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေးအတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်း အရာ	စီမံချက်	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်
၁။	စီမံအုပ်ချုပ်မှုစနစ်	• ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်း။	၅၅	၈	• ကျေးရွာတွင်းရှိလက်ရှိအဖွဲ့အစည်းများ၊ကျေးရွာလူထုတို့ပါဝင်သောကျေးရွာ၏ဘက်စုံဖွံ့ဖြိုး ရေး ဦးဆောင်မည့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းခြင်း • အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး သဘောတရားသင်တန်းများပေးခြင်း။ • ကျေးရွာ၏အဖွဲ့အစည်းများ၊အမျိုးသား၊ အမျိုးသမီးများပါဝင်သော ကျေးရွာလူထု အခြေ ပြုအဖွဲ့အစည်းများဖွဲ့စည်းခြင်း။
၂။	စိုက်ပျိုးရေး	• သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုများ ရရှိသုံးစွဲစေခြင်း။	၆၈	၆	• နည်းပညာဝန်ဆောင်မှုများတိုးတက်အောင်ဆောင်ရွက်ခြင်း • ဘက်စုံသီးနှံပိုးမွှား ရောဂါကာကွယ်ရေး နည်းပညာ၊ သဘာဝမြေဩဇာ ပြုလုပ်နည်း၊ မြေဩဇာစနစ်တကျ သုံးစွဲနည်း • မျိုးကောင်း/သန့် များလက်လှမ်းမှီအောင် ဆောင်ရွက်ခြင်း
		• လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ပြောင်းလဲ လုပ်ဆောင်ခြင်း	၆၉	၅	• လယ်ယာလုပ်သားရှားပါးမှုဖြေရှင်းရန် စက်မှုလယ်ယာကဏ္ဍသို့ ပြောင်းလဲလုပ်ကိုင် နိုင်ရန်ဆောင်ရွက်ခြင်း • လယ်ယာသုံးစက်ကိရိယာနှင့်သွင်းအားစု များအရစ်ကျနှင့် အကြွေး ဝယ်ယူမှုဆိုင် ရာ လုပ်ထုံးလုပ်နည်းများ။

စဉ်	ကဏ္ဍ/ အကြောင်း အရာ	စီမံချက်	ဦးစား ပေး ရမှတ်	ဦးစား ပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်
		• တံတား(သို့) ရေပြွန်တည်ဆောက်ခြင်းနှင့် ရေသွင်းရေထုတ် စနစ် ကောင်းမွန်အောင် ဆောင် ရွက်ခြင်း	၇၅	၄	• ဇေကမ္ဘာကုမ္ပဏီနှင့် ညှိနှိုင်း၍ ကားလမ်းပေါ် ရေထွက်ပေါက် နေရာတွင် တံတား(သို့) ရေပြွန်စနစ်တကျ တည်ဆောက်ရန် • ရေသွင်းရေထုတ်လွယ်ကူရေးအတွက် ရွာ၏ လယ်ကွင်းနှင့် အတွဲရံမြစ်အကြားတူးမြောင်းဖော်ခြင်း
		• အစုအဖွဲ့အလိုက် ငွေစု ငွေချေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်ဘဏ်များနှင့်ဆက်သွယ်၍ချေးငွေရရှိစေခြင်း။	၉၉	၁	• ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများ တိုးတက်အောင် ဆောင် ရွက်ခြင်း
၃။	**မွေးမြူရေး**	• မွေးမြူရေးဆိုင်ရာနည်းပညာ၊ ဗဟုသုတနှင့် ဝန်ဆောင်မှုများ တိုးတက် လာအောင်ဆောင် ရွက်ခြင်း။	၅၃	၉	• မွေးမြူရေးဆိုင်ရာနည်းပညာ သင်တန်းများပေးခြင်း မွေးမြူရေး ထုတ်ကုန်ဈေးကွက်ကျယ်ပြန့်ရန်အတွက် အထောက်အပံ့ဖြစ်စေသောမူဝါဒဆိုင်ရာများချမှတ်နိုင်ရေး အတွက် အထက်အဖွဲ့အသီးသီးသို့ တင်ပြတောင်းဆိုရန်။ • ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း
